# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 19 , 2023 Volume 71, Number 14

၁၉.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၆ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၅၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၃၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၅.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၄.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၀၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၅၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မုံရွာကုန်စည်ဒိုင်၏ ပဲမျိုးစုံ ဈေးနှုန်းနှင့်အရောင်းအဝယ်ဖြစ်မှု



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာကုန်စည်ဒိုင်၌ မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ စွန်တာနီ/ ပြာ၊ ထောပတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ မြေပဲဆန်၊ နှမ်း စသည်ဖြင့် သီးနှံမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မုံရွာကုန်စည်ဒိုင်ရှိပဲသီးနှံများ၏ ဈေးနှုန်းနှင့် အရောင်းအဝယ်ဖြစ်မှုအနေဖြင့် အောက်တိုဘာလ (တတိယပတ်) တွင် မတ်ပဲ တစ်တင်းလျှင် ကျပ် ၈၅,၅၀၀၊ ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၂၅,၅၀၀၊ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၅၅,၀၀၀၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၉၁,၅၀၀၊ 929 ကုလားပဲတစ်တင်းလျှင် ကျပ် ၈၈,၅၀၀၊ ထိုင်ဝမ် တစ်တင်းလျှင် ကျပ် ၈၈,၀၀၀၊ စွန်တာနီ/ပြာ ပဲတစ်တင်းလျှင် ကျပ် ၅၅,၀၀၀၊ ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၁၀၂,၀၀၀၊ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၁၈,၀၀၀၊ မြေပဲဆန် (နီ) တစ်ပိဿာလျှင် ကျပ် ၆,၇၀၀၊ မြေပဲဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၆,၅၀၀၊ နှမ်း(နက်) တစ်တင်းလျှင် ကျပ် ၁၁၆,၀၀၀၊ နှမ်း(ညို) တစ်တင်းလျှင်ကျပ် ၉၆,၀၀၀ စသည့် ဈေးနှုန်းများဖြင့် တစ်ရက်လျှင် မတ်ပဲအိတ်ရေ (၅-၁၀) အိတ်ခန့်၊ ပဲစင်းငုံ အိတ်ရေ (၃-၅) အိတ်ခန့်၊ ပဲတီစိမ်းအိတ်ရေ (၉-၁၀) အိတ်ခန့်၊ ကုလားပဲ အိတ်ရေ (၁၀-၁၅)အိတ်ခန့်၊စွန်တာနီ/ပြာ (၅-၇)အိတ်ခန့်၊ ထောပတ်ပဲ (၅-၁၀) အိတ်ခန့်၊ အစေ့ထုတ်ပြောင်း (၃-၅) အိတ်ခန့်၊ မြေပဲဆန်(၂၀-၂၅) အိတ်ခန့်၊ နှမ်း(၁၀-၁၅) အိတ်ခန့်စသည်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။ မုံရွာကုန်စည်ဒိုင်၌ ပဲအမျိုးအစားအလိုက် ဈေးနှုန်းများမှာ ယခင်နှစ် ကာလတူ

ဈေးနှုန်းများထက် ယခုနှစ်တွင် ဈေးနှုန်းပိုမိုကောင်းမွန်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်ဈေးနှုန်းသတင်းများအရ သိရသည်။

**Source: DOCA (စစ်ကိုင်း)**

## ၄၅ ရက်အတွင်း မြေထောက်ပဲဈေး သုံးသောင်းကျပ်ခန့် ကျဆင်း




တရုတ်ဝယ်လိုအား မရှိခြင်းကြောင့် ဈေးကောင်းရရှိနေသည့် မြေထောက်ပဲဈေးများမှာ ရက်ပေါင်း ၄၅ ရက်အတွင်း သုံးသောင်းကျပ်ခန့် ဈေးကျသွားကြောင်း မန္တလေးမြို့ ပဲမျိုးစုံဈေးကွက်မှ သတင်းရရှိသည်။

နှစ်စဉ်နှစ်တိုင်း ဈေးကွက်ရရှိနေသည့် မြေထောက်ပဲဈေးများ ဩဂုတ်လ နောက်ဆုံးအပတ်တွင် ၅၄ ပိဿာ ၊ သုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ကျပ်အထိ ဈေးတက်ခဲ့သော်လည်း စက်တင်ဘာလ အတွင်း ဈေးစတင်ကျဆင်းခဲ့သည်။

စက်တင်ဘာလအတွင်း မြေထောက်ပဲ ၅၄ ပိဿာ၊ သုံးတင်း တစ်အိတ်လျှင် ၃၆၅၀၀၀ ကျပ် ကျဆင်းခဲ့ရာမှ အောက်တိုဘာ လဆန်းပိုင်းတွင် မြေထောက်ပဲ ၅၄ ပိဿာ ၊ သုံးတင်းတစ်အိတ် လျှင် ငွေကျပ် ၃၅၀၀၀၀ ကျပ်အထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။

"တရုတ်က မဆွဲဘူး။ ဒီက သွားပို့တဲ့သူတွေကလည်း စရိတ်စကများတယ်။ ဒါကြောင့် တရုတ်ကိုပို့တာ ရပ်ထားတယ်။ ၃၆၅၀၀၀ ကျပ်မှာ ရပ်နေတာ။ အခုကျတော့ သုံးသိန်းခွဲနဲ့ငြိမ်နေတယ်။ တက်လည်း မတက် ၊ ကျလည်း မကျဘဲရပ်နေတယ်။ ရန်ကုန်သဘော်လိုင်းက ဆွဲတယ်ဆိုပေမဲ့ လိုင်းကြပ်တယ်ထင်တယ်။ ဈေးက တက်မလာဘူး ၊ အားလုံးကျလာတယ်" ဟု မန္တလေးမြို့ ပဲမျိုးစုံဈေးကွက် ဝင်းဝင်းပွဲရုံမှ ကိုရဲမိုးက အောက်တိုဘာ ၁၇ ရက်တွင်ပြောသည်။

ရှယ်ထိပ်စ မြေထောက်ပဲ သုံးတင်းတစ်အိတ်လျှင် သုံးသိန်းခွဲကျပ် ဈေးပေါက်သော်လည်း မုံရွာစဟုခေါ်သော မုံရွာ ၊ တမူး ၊ ကလေး၊ ချင်းနှင့်ဟုမ္မလင်းမြို့နယ်အတွင်းမှထွက်ရှိသည့် မြေထောက်ပဲဈေးမှာ အရည်အသွေးနိမ့်သဖြင့် သုံးတင်းတစ်အိတ်လျှင် ၃၂၅၀၀၀ ကျပ်သာ ဈေးရရှိကြောင်း မန္တလေးမြို့ ကုန်စည်ဈေးကွက်မှ သတင်းရရှိသည်။ "မြေထောက်ပဲက ဈေးကွက်အေး နေတယ်။ ဝယ်သူက သုံးသိန်းခွဲပေးချင်တယ်။ ရောင်းသူကတော့ သုံးသိန်းခြောက်သောင်းရချင်တယ်။ တရုတ်ကလည်း မကိုက်လို့မဆွဲဘူး။ ယွမ်ဈေးကလည်းကျနေတယ်။ ရောင်းချင်တဲ့သူများတယ်။ ဝယ်ချင်တဲ့သူ သိပ်မရှိတော့မရောင်းရဘူး"ဟု မန္တလေးမြို့ ပဲမျိုးစုံဈေးကွက် ၊ သိပ္ပံအောင်ပွဲရုံမှ ကိုခင်မောင်လတ်က အောက်တိုဘာ ၁၇ ရက်တွင် ပြောသည်။

မြေထောက်ပဲ သုံးတင်းတစ်အိတ်လျှင် သုံးသိန်းခွဲဈေးကွက်ပေါက်သော်လည်း မျိုးအဖြစ်သုံးရသည့် မြေထောက်ပဲ သုံးတင်းတစ်အိတ်လျှင် သုံးသိန်းခုနှစ်သောင်းခွဲကျပ် ဈေးပေါက်ပြီး အရောင်းအဝယ် အနည်းအကျဉ်းဖြစ်နေကြောင်း ကိုခင်မောင်လတ်ကပြောသည်။ မြေထောက်ပဲစိုက်ပျိုးသည့် သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့ဈေးကွက်တွင် မြေထောက်ပဲ သုံးတင်းတစ်အိတ်လျှင် ၃၃၀၀၀၀ ကျပ် ဈေးပေါက်နေသော်လည်း ပဲပေါ်ရာသီမဟုတ်သောကြောင့် မျိုးမြေထောက်ပဲကလွဲ၍ အရောင်းအဝယ်မရှိကြောင်း တကောင်းမြို့ဈေးကွက်မှ သတင်းရရှိသည်။ "မျိုးပဲ အရောင်းအဝယ်ဖြစ်နေတာ။ ပဲမထွက်သေး တော့ အရောင်းအဝယ်မရှိဘူး။ ဇန်နဝါရီလဆန်းလောက်မှပဲ ပေါ်မယ်။ အဲအခါကျမှပဲ အရောင်းအဝယ်ဖြစ်မယ်။ ဈေးကတော့ မန္တလေးနဲ့ နှစ်ထောင်လောက်ပဲကွာတယ်"ဟု တကောင်းမြို့မှ တောင်သူ ကိုဇော်မျိုးထွန်းကပြောသည်။

ကချင်ပြည်နယ်တွင် မြေထောက်ပဲ အများဆုံးထွက်ရှိသည့် မိုးကောင်း ၊ မိုးညှင်း မြို့နယ်များတွင် မြေထောက်ပဲ ၁၆ ပြည် တစ်တင်းအိတ်လျှင် ၁၈၀၀၀၀ ကျပ် မှ ၂၀၀၀၀၀ ကျပ်အကြားဈေးပေါက်နေသော်လည်း အရောင်းအဝယ်မဖြစ်ကြောင်း မိုးကောင်းမြို့မှ ပဲကုန်သည် ဒေါ်စုစုစန္ဒီကပြောသည်။ "ဒီဘက်မှာတော့ မြေထောက်ပဲတန်ချိန် သောင်းချီထွက်တယ်။ တရုတ်ကို အဓိကပို့ကြတာ။ အခု လက်ကျန်မရှိတော့ဘူး။ မျိုးလောက်ပဲရှိတော့တယ်။ အချင်းချင်းဝယ်တာ၊ ရောင်းတာလောက်ပဲ ရှိတယ်"ဟု ဒေါ်စုစုစန္ဒီ ကပြောသည်။

မြေထောက်ပဲကို အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလဆန်းပိုင်းတွင် ထွက်ရှိသည်။ စစ်ကိုင်းတိုင်း အထက်ပိုင်း ၊ ကချင်ပြည်နယ် ဗန်းမော်ခရိုင် ၊ ကရင်ပြည်နယ် ၊ ဧရာဝတီမြစ်ကမ်းတစ်လျှောက် ဒေသများတွင် အများဆုံးစိုက်ပျိုးကြသည်။

မြေထောက်ပဲကို တရုတ်နှင့်အိန္ဒိယနိုင်ငံက အများဆုံးဝယ်ယူပြီး ဂျပန်နိုင်ငံ ၊ စင်္ကာပူနိုင်ငံတို့ကိုလည်း တင်ပို့နေရာ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဧပြီ ၁ ရက်နေ့မှဒီဇင်ဘာလအထိ မြေထောက်ပဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂၂၁ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းရရှိသည်။

ယခုဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ ခုနှစ်တွင်လည်း ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လအထိ မြေထောက်ပဲ တန်ချိန် ၁၁၈၉ ဒသမ ၆၅၀ တန် တရုတ်နိုင်ငံသို့တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆၅ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

Source: (AMIA)

## တရုတ် ယူနန်ပြည်နယ်နှင့် ကုန်သွယ်မှုပိုမိုမြင့်တက်နိုင်ရေး ဆွေးနွေး

နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကကျသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့်မြန်မာတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုပိုမိုတိုးမြှင့်တင်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း ကုန်သည်စက်မှုအသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ အထွေထွေကုန်သည်များအသင်း Yunnan Provincial General Chamber of Commerce (YPGCC)၏ ဥက္ကဋ္ဌ Dr. Gao Feng ဦးဆောင်သော ယူနန်စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုတိုးမြှင့်ရန် အတွက် ၂၀၂၃ ခုနှစ် အောက်တိုဘာလ (၁၇) ရက်နေ့တွင် ကုန်သည်စက်မှုအသင်းချုပ်၌ နှစ်ဖက်လုပ်ငန်းရှင်များ တွေ့ဆုံခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် အထွေထွေကုန်သည်များအသင်း Yunnan Provincial General Chamber of Commerce (YPGCC) ၏ ဥက္ကဋ္ဌ Dr. Gao Feng က ယနေ့လာရောက်ခြင်းက ယူနန်-မြန်မာအကြား ချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာများကို အကောင်အထည်ဖော်ရန်ဖြစ်ပါတယ်၊ ယူနန်ရှိ စက်မှုနှင့်စီးပွားရေးလုပ်ငန်းရှင်များအား ခေါ်ဆောင်လာပြီး ယူနန်-မြန်မာအကြားစီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြင့်မားသောအဆင့်သို့ ရောက်ရှိရေးပဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

တရုတ်-မြန်မာ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆက်သွယ်ရေးလမ်းကြောင်းများ ချဲ့ထွင်ပြီး ကုန်သွယ်မှုမြှင့်တင်ရန်၊ သတင်းအချက်အလက်များဖလှယ်နိုင်ရန်၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရန်၊ ဆိပ်ကမ်းစီးပွားရေး၊ ဆန်ထောက်ပံ့ရေး၊ ဓါတ်မြေဩဇာထောက်ပံ့ရေး၊ လယ်ယာထွက်ကုန်တင်ပို့ရေး၊ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေး၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတို့တွင် ပူးပေါင်းဆောင်ရွက်သွားကြမည်ဟုဆိုသည်။ ယူနန်ပြည်နယ်သည် ကမ္ဘာ့စီးပွားရေးအဆင့် (၃၇) တွင်ရှိပြီး Belt and Road Initiative တည်ထောင်ရာ ဆုံမှတ်တစ်ခုလည်းဖြစ်သည်။

မြန်မာနိုင်ငံသည် ယူနန်ပြည်နယ်၏ ပထမအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ပထမအကြီးဆုံး သွင်းကုန်အရင်းအမြစ်နှင့် ပို့ကုန်ဈေးကွက်လည်းဖြစ်ကာ ယူနန်-မြန်မာအကြား သွင်းကုန်တန်ဖိုးမှာ တရုတ်ယွမ်ငွေ (၄၉.၄၄) ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၂၀၂၀ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ ငွေကြေးကဏ္ဍမဟုတ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၁၉၀) ကို ရင်းနှီးမြှုပ်နှံခဲ့ကြသည်။

ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက မြန်မာနိုင်ငံရဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ စိုက်ပျိုးရေးထွက်ကုန်အများစုက တရုတ်ပြည်ကို တင်ပို့တာဖြစ်ပါတယ်။ တရုတ်ပြည်သို့ ပို့ကုန်တိုးမြှင့်တင်ပို့တဲ့အခါမှာ သွင်းကုန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို လုပ်ထုံးလုပ်နည်းနဲ့အညီဆောင်ရွက်နိုင်ဖို့ YPGCC က ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုပါတယ်"ဟု ပြောကြားခဲ့သည်။

Source: http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026057

## မြင်းခြံခရိုင်ရှိ ကြက်သွန်နီဈေးနှုန်း ဈေးကွက်




မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်အတွင်းရှိ ကန်ဆင့်ရွာ၊ ဗလုံရွာ၊ ဖောင်းကားရွာ၊ လက်ဝဲရွာ၊ မြင်းနီရွာ၊ နန္ဒင်းတော်ဘိုးရွာ၊ တလုပ်မြို့ရွာနှင့် ကိုင်းရွာများမှ ထွက်ရှိသော ကြက်သွန်နီ များမှာ အရည်အသွေးကောင်းမွန်ပြီး၊ သိုလှောင်ရာတွင် အထားခံသော ကြောင့် ဈေးကောင်းရကြောင်း၊ ကြက်သွန်နီထွက်ရှိသော ကျေးရွာများမှ ပွဲရုံများသို့ ကြက်သွန်နီ ပျမ်းမျှကုန်ချိန် ပိဿာ (၅၀၀၀၀) မှ (၆၀၀၀၀)ကျော် နေ့စဉ်ဝင်ရောက်လေ့ရှိပြီး အရည်အသွေးအပေါ် မူတည်၍ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် အောက်တိုဘာလ (ဒုတိယပတ်) တွင် ကြက်သွန်နီ (အကြီး) တစ်ပိဿာလျှင် (၂,၆၀၀-၂,၈၀၀) ကျပ်၊ (အလတ်စ) တစ်ပိဿာလျှင် (၂,၃၀၀-၂,၅၀၀) ကျပ်၊ (အသေးစ) တစ်ပိဿာလျှင် (၂,၀၀၀-၂,၂၀၀) ကျပ်ဖြင့် ဈေးနှုန်း အနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မြင်းခြံခရိုင်းအတွင်းမှထွက်ရှိသော ကြက်သွန်နီများကို မန္တလေး၊ ရန်ကုန်၊ နေပြည်တော်၊ မော်လမြိုင်နှင့် မူဆယ်မြို့များသို့ အပတ်စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: DOCA (မန္တလေး)**

## နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုကို ၂၀ % တိုးမြှင့်ရန် ရည်ရွယ်ထားသော ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်အတွက် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု ပမာဏကို ယခုနှစ်ခန့်မှန်းပမာဏထိုင်းဘတ် ၁ ထရီလီယံထက် ၂၀ % ပိုမို၍ ထိုင်းဘတ် ၁.၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၂.၃ ဘီလီယံ) ရရှိရန် ရည်မှန်းထားပါသည်။

ဒုတိယဝန်ကြီး NapintornSrisunpang က အဆိုပါရည်မှန်းချက်ရရှိရန် ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ထုတ်ကုန်မျိုးစုံ၊ ပထဝီဝင် နေရာပြထုတ်ကုန်(geographical indication products) နှင့် franchisesများအား မြှင့်တင်ရန်စီမံထားကြောင်း၊ ပြပွဲများနှင့် စီးပွားရေးလုပ်ငန်းတွေ့ဆုံပွဲများ ကျင်းပပေးခြင်း၊ ကုန်သွယ်မှုအတားအဆီးများ လျှော့ချရေးမဟာဗျူဟာများ ချမှတ်နိုင်ရန် အိမ်နီးချင်းနိုင်ငံများမှ အရာထမ်းများ၊ နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံနိုင်မည့် ပလက်ဖောင်းများ ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ရေးလုပ်ငန်းများက အဓိကနယ်စပ်ကုန်သွယ်မှုဒေသများ ဖြစ်သည့် ချင်းရိုင် ၊ မဲဆောက် ၊ ဆုန်ခလာ (Songkhla) ၊ နောင်ခိုင် (NongKhai)၊ ဆူရင် (Surin) နှင့် ဘူရီရမ် (Buriram) ဒေသ များတွင် ဦးဆုံးစတင်သွားရန် စီစဉ်ထားကြောင်း ၊ အိမ်နီးချင်းနိုင်ငံအချို့တွင် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများရှိသော်လည်း ထိုင်းစားသုံးကုန်များ၏ အရည်အသွေးနှင့်ဈေးနှုန်းချိုသာမှုတို့ကြောင့် နာမည်ကောင်းရှိပြီးဖြစ်၍ အလားအလာကောင်းများ ရှိသည်ဟု ယုံကြည်ပါကြောင်း၊ ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံနှင့်လည်း ကုန်သွယ်မှုတိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ တိုးတက်မှုနှင့် ပို့ကုန်တင်ပို့နိုင်မှုသည် အရေးကြီးကြောင်း၊ ထိုင်းနိုင်ငံတွင် မှတ်ပုံတင် ထားသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း ၂ သန်းအနက် ၉ သိန်းသာ လုပ်ငန်းလည်ပတ်နေကြောင်း၊ ပြီးခဲ့သည့် နှစ်အတွင်းအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်မှရငွေသည် ၆ % ခန့် လျော့နည်းခဲ့ကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ပါဝင်မှုသည် ၄၀% မှ ၅၀% ထိရှိ သော်လည်းထိုင်းနိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်ကုန်တွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ ပါဝင်မှုသည် ၃၄ % သာရှိသောကြောင့် ၃၅.၂ %ထိ ပါဝင်နိုင်ရန် ရည်မှန်းထားပါကြောင်းတို့ကို ပြောကြားခဲ့ပါသည်။

**Source: Vietnamplusu**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%94

## ဆန်တန်ချိန် ၁ ဒသမ ၅ သန်း ထပ်မံတင်သွင်းမည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းသိုလှောင်မှုတိုးမြင့်ရန် ဆန်တန်ချိန် ၁.၅ သန်းထပ်မံတင်သွင်းမည်ဖြစ်ကြောင်း အင်ဒိုနီးရှား သတင်းဌာန အန်တာရာက ဖော်ပြထားပါသည်။

အင်ဒိုနီးရှားနိုင်ငံ (ခေတ္တ)လယ်ယာစိုက်ပျိုးရေးဝန်ကြီး AriefPrasetyo Adi ကအဆိုပါဆန်ကို အရန်အစီအစဉ်အဖြစ် တင်သွင်းခြင်းဖြစ်ကြောင်း၊ အင်ဒိုနီးရှားအစိုးရပိုင်စားနပ်ရိက္ခာ သယ်ယူပို့ဆောင်ဖြန့်ဖြူးရေးကုမ္ပဏီ Bulog ၏ ဆန်သိုလှောင်မှု အတွက် တင်သွင်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ယခုနှစ်ကုန်ပိုင်းတွင် တင်သွင်းမှုပြီးစီးနိုင်ခြင်း ရှိ/ မရှိကိုမူ ကုန်ချချိန် လိုအပ်ချက်အရ ပြောကြားခဲ့ခြင်းမရှိပါ။

ခေတ္တဝန်ကြီးကသဘော်ာတစ်ခါတင် ဆန်တန်ချိန် နှစ်သိန်းခုနှစ်သောင်းကို ကုန်ချရန်မှာစိန်ခေါ်မှုဖြစ်ပြီး အနည်းဆုံး ဖရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း ၊ Bulogနှင့် အစိုးရပိုင်ဆိပ်ကမ်း ရှင်းလင်းရေး Pelindoတို့အား ကုန်ချချိန်ပိုယူရန် မှာကြားထားကြောင်း၊ သွင်းကုန်ပါမစ်အတွက် အခြားဝန်ကြီးဌာနများဖြစ်သော စီးပွားရေးရာဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဝန်ကြီးဌာနတို့နှင့် ပူးပေါင်း ဆောင်ရွက်ထားပြီး ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီက အယ်နီညိုကြောင့် နိုင်ငံ၏ဆန်ထုတ်လုပ်မှုကျဆင်းခဲ့ကြောင်း၊ သဘာဝဖြစ်စဉ် အယ်နီညို ကြောင့် အင်ဒိုနီးရှားအပါအဝင် အာရှတိုက်နိုင်ငံများအတွင်း ရေကြီးမှုနှင့်အပူရှိန်ပူပြင်းထန်မှုတို့ဖြစ်ပေါ်စေကာ စားနပ်ရိက္ခာ ထုတ်လုပ်မှုတွင် အခက်အခဲများဖြစ်စေကြောင်း ပြောကြားခဲ့ပါသည်။

ရိုက်တာသတင်းဌာနက အင်ဒိုနီးရှားသည် ထပ်မံတင်သွင်းမည့် ဆန်တန်ချိန် ၁.၅ သန်းအနက် ဗီယက်နမ်နှင့်ထိုင်းတို့မှ ဆန်တန်ချိန် ကိုတာ ၆ သိန်း တင်သွင်းမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်လ အာဆီယံထိပ်သီးအစည်းအဝေးတွင် သမ္မတဂျိုကိုဝီက တရုတ်မှတင်သွင်းရန် ဆွေးနွေးခဲ့သော်လည်း သဘောတူညီမှုမရရှိခဲ့ပါကြောင်း ဖော်ပြထားပါသည်။

**Source :** https://en.antaranews.com/**Reuters**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%86%E1%

## ဆန်ဈေးတက်သည့်အပေါ် ထိုင်းဆန်တင်ပို့သူများ အကျိုးအမြတ်များရရှိရန် မျှော်မှန်း

ဘာစမာတီမှလွဲ၍ အိန္ဒိယဆန်ဖြူတင်ပို့မှု ပိတ်ပင်ထားခြင်းကြောင့် ဆန်ဈေးတက်သည့်အပေါ် ထိုင်းဆန်တင်ပို့သူများ အကျိုးအမြတ်များရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ အနည်းဆုံး လာမည့်နှစ်အစောပိုင်းအထိ ကြာမြင့်မည်ဟု ခန့်မှန်း ထားသည်။

ထိုင်းဆန်စက်အသင်း Thai Rice Mill Association ဥက္ကဋ္ဌ Rangsan Sabaimuang က အသင်းဝင်များသည် လာမည့် တစ်လနှစ်လအကြာတွင် စပါးရိတ်သိမ်းချိန်မတိုင်မီအထိ ထုတ်လုပ်မှုနှင့်ဈေးကွက်အခြေအနေ တည်ငြိမ်နေမည်ဟု နှစ်ပတ်လည်အစည်းအဝေးတွင် ကောက်ချက်ချခဲ့ကြောင်း ပြောကြားသည်။

မိုးခေါင်မှုနှင့်အယ်လ်နီညိုဖြစ်စဉ်ကြောင့် အလယ်ပိုင်းဒေသတွင် စံပယ်စပါးထုတ်လုပ်မှု အနည်းငယ် ကျဆင်းသွားဖွယ် ရှိသည်။ စံပယ်စပါးနှင့်ကောက်ညှင်းတို့ကို အဓိကစိုက်ပျိုးသည့် အရှေ့မြောက်ဒေသတွင် မိုးရွာသွန်းမှုကောင်းမွန်ကြောင်း၊ စပါးထုတ်လုပ်မှု ပုံမှန်ဖြစ်မည်ဟု ခန့်မှန်းထားကြောင်း ၎င်းကပြောကြားသည်။ အချို့သော ငွေကြေးအဖွဲ့အစည်းများသည် ဆန်စက်များအတွက် ချေးငွေကိုကန့်သတ်ထားသော်လည်း ထိုင်းဆန်စက်အသင်းမှ အဖွဲ့ဝင်များက လာမည့်စပါးရိတ်သိမ်း ရာသီတွင် လယ်သမားများထံမှ စပါးဝယ်ယူရန် ငွေကြေးအဆင်သင့်ရှိကြောင်း အတည်ပြုပြောကြားကြသည်။

**Source: nationthailand**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/7088-asia-rice.html

## ထိုင်းနိုင်ငံအတွင်းသို့ ဝက်သားမှောင်ခိုတင်သွင်းသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်

၃ နှစ်တာကာလအတွင်း ထိုင်းနိုင်ငံ၌ ဝက်သားမှောင်ခိုတင်သွင်းသူများအား ဖမ်းဆီးအရေးယူမှုသည် အဆ ၂၀ ခန့်တိုးလာ ခဲ့ကြောင်း၊ ၂၀၂၂ ဘဏ္ဍာနှစ်တွင် တရားမဝင် ဝက်သားနှင့်ဝက်သားထုတ်ကုန်များ ၂၃၆,၁၇၇ ကီလိုဂရမ် တင်သွင်းခဲ့သူ ၁၄ ဦး၊

၂၀၂၂ ဘဏ္ဍာနှစ်တွင် ဝက်သားထုတ်ကုန် ၄၃၁,၆၆၀ ကီလိုဂရမ် တင်သွင်းခဲ့သူ ၂၅ ဦးနှင့် ၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝက်သားထုတ်ကုန် ၄.၇၇ သန်း ကီလိုဂရမ် တင်သွင်းခဲ့သူ ၁၈၁ ဦးတို့အား ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခဲ့ကြောင်း ထုတ်ပြန်ထားသည့် ကိန်းဂဏန်းကိုမှီငြမ်း၍ အကောက်ခွန်ဦးစီးဌာန၏ အခွန်ကောက်ခံမှု စီမံခန့်ခွဲရေး အကြံပေးဖြစ်သူ Mr. Phantong Loykulnanta က ပြောကြားခဲ့ပါသည်။

တရားမဝင် ဝက်သားများသည် အာဂျင်တီးနားနှင့်ဘရာဇီးကဲ့သို့သော တောင်အမေရိကနိုင်ငံများမှဖြစ်ကြောင်း၊ ၎င်းနိုင်ငံများတွင် တိရစ္ဆာန်အစားအစာကုန်ကျစရိတ်သည် ထိုင်းနိုင်ငံထက် သက်သာပါကြောင်း၊ ဖြစ်စဉ်များကို တရားရုံးတွင်သာ တရားစွဲဆိုဆောင်ရွက်ပြီး အကောက်ခွန်ဥပဒေအရ အမြင့်ဆုံးဒဏ်ကြေးကို ကုန်ပစ္စည်း၏ ၄ ဆနှင့် အခွန်အပြင် အမြင့်ဆုံး ထောင်ဒဏ် ၁၀ နှစ် သတ်မှတ်ထားပါကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဝန်ကြီးချုပ် Mr. Strettha Thavisin က သက်ဆိုင်ရာ အဖွဲ့ အစည်းများနှင့် တွေ့ဆုံ၍ တရားမဝင်အသားများ တင်သွင်းမှုအပေါ် အဖြေရှာရန်ဆွေးနွေးခဲ့ပါကြောင်း၊ လမ်းကြောင်းမျိုးစုံမှ တရားမဝင်တင်သွင်းလာသော ဝက်သား၊ အမဲသားနှင့် Bison အသားများနှင့်စပ်လျဉ်း၍ တင်းကြပ်သောထိန်းချုပ်မှုတစ်ခုဆောင်ရွက်ရန် အကောက်ခွန်ဦးစီးဌာနကို လမ်းညွှန်ခဲ့ပါကြောင်း၊ ဥပဒေအရ ဆောင်ရွက်ချက်များ၊ မှုခင်းအတွက် အထောက်အပံ့ပေးသူများ၏ ပိုင်ဆိုင်မှုများ သိမ်းယူခြင်းနှင့်စပ်လျဉ်းသည့် ဗဟိုကော်မတီကို ဝန်ကြီးချုပ်ရုံးအမြဲတမ်းအတွင်းဝန်လည်း ပါဝင်ဖွဲ့စည်းရန် ဖြည့်စွက်မှာကြားခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပြည်ပမှတရားမဝင်အသားများ တင်သွင်းလာမှုကို ထိန်းချုပ်မည့် အစီအမံများ ရှိရမည်ဖြစ်ကြောင်း၊ အေးခဲပစ္စည်းများကို တိုးမြှင့်စစ်ဆေးခြင်းရန်နှင့် အချက်အလက်များကို မှားယွင်းဖော်ပြထားခြင်းကိုလည်း ကာကွယ်ရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအားလုံးကိုကုန်သေတ္တာများ ဖွင့်ဖောက်စစ်ဆေးခြင်းနှင့် သို့မဟုတ် X-ray ဖြတ်သန်းစေခြင်းတို့ ဆောင်ရွက်ရန်ဖြစ်ကြောင်း ထပ်မံဖြည့်စွက်မှာကြားပါသည်။

တရားမဝင် သွင်းကုန်များကို စစ်ဆေးတွေ့ရှိပါက တင်သွင်းသူသည် အကောက်ခွန်အရာရှိများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံရမည်ဖြစ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လုပ်ငန်းပိုင်ရှင်ကို တရားစွဲဆိုပါက အကောက်ခွန်ဦးစီးဌာနသည် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချက်ချင်း ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: www.bangkokpost. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_191020231040

## STOCK EXCHANGE (19.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,793 (Shares) | 16,182,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 530 | 4,717,000 | 33,109,694 | 294,676 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 2,950 | 2,891 | 8,573,000 | 38,929,150 | 116,788 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 204 | 346,800 | 29,664,613 | 50,430 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 220 | 572,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,150 | 2,150 | 2,100 | 690 | 1,458,750 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 20 | 98,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 238 | 416,500 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 19th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.48 | -0.34 | -0.09% | 381.35 | 381.35 | 379.45 | 4,793 | 16,182,050 | 8 | 717,651 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 19th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 4,793 (Shares) | 16,182,050 (MMK) |

### Main Board

As of 1:00 pm, 19th Oct. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,793 (Shares) | 16,182,050 (MMK) |

| MYANPIX | 380.48 ▼ 0.34 |
|---|---|
| Total Volume (shares) | 4,793 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 717,651 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |